www.proven.com.mm

PROVEN GROUP OF COMPANIES

APRIL , MAY, JUNE 2025 (7TH TIME)

# NEWSLETTER

Read More on our website







## HIGHLIGHTS

- Collective Leadership Uniting for Strategic Success @2025(Vietnam -Hanoi-Halong-Ninh Binh Trip ) - BOD Retreat Trip၊
- BOD လူကြီးမင်းများ၏ Corporate Photo ရိုက်ကူးခြင်း အစီအစဉ်နှင့် BOD အစည်းအဝေးကျင်းပခြင်း၊
- Proven International Co., Ltd. ၏ BOD Meeting ကျင်းပခြင်း၊
- မော်လမြိုင်ရုံးခွဲသစ် ဖွင့်ပွဲကျင်းပခြင်း၊
- Earthquake Knowledge Training ပြုလုပ်ခြင်း၊
- External Training Program များ တက်ရောက်ခြင်း၊
- Proven Technology Industry Co., Ltd. ၏ ဝန်ထမ်းထုအစည်းအဝေးကျင်းပခြင်း၊
- World Environment Day @ 2025 အခမ်းအနားကျင်းပခြင်း၊
- World Safety Day @2025 အထိမ်းအမှတ် ဟောပြောပွဲများ ကျင်းပခြင်း၊
- လျှင်ဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာများနှင့်   ဝန်ထမ်းများအတွက် ထောက်ပံ့လှူဒါန်းခြင်းများ ပြုလုပ်ခြင်း၊
- ညီနောင်ကုမ္ပဏီများတွင် Annual Report ထွက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊
- ဆေးရုံသုံး အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်း၊
- ရေဘေးကယ်ဆယ်ရေးသုံးပစ္စည်းများ လှူဒါန်းခြင်း၊
- ကမ္ဘာအလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် အာဟာရဒါန လှူဒါန်းခြင်း၊
- ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်းသားငယ်သမီးငယ်များသို့ ကျောင်းသုံးပစ္စည်းများ ပေးအပ်ခြင်း
- Myanmar Power & Solar Energy Storage Lighting Expo 2025 တွင် ပါဝင်ခဲ့ခြင်း
- Customer ကြီးများ၏ မွေးနေ့အထိမ်းအမှတ် ပြုလုပ်ပေးခြင်း နှင့် Merchandising ပစ္စည်းများ တပ်ဆင်ပေးခြင်း
- လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး ဆောင်းပါး



# Collective Leadership Uniting for Strategic Success @2025 (Vietnam -Hanoi-Halong-Ninh Binh Trip ) 9th - 13th April' 2025

















၂၀၂၅ ခုနှစ် ဧပြီလ (၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ) Proven Group of Companies Ltd ၏ Collective Leadership Uniting for Strategic Success @2025 (Vietnam - Hanoi - Halong - Ninh Binh ) ခရီးစဉ်အား PROVEN GROUP OF COMPANIES LTD. ၏ BOD လူကြီးမင်းများ၊ Executive Directors များ၊ မိသားစုဝင်များနှင့် အတူ ပျော်ရွှင်စွာ သွားရောက်လည်ပတ်ခဲ့ကြပါသည်။ ခရီးစဉ်တွင် CEO မှ Proven Group of Companies Ltd တွင် လက်ရှိဆောင်ရွက်လျှက်ရှိသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး BOD အဖွဲ့ဝင်လူကြီးမင်းများနှင့် မိသားစုဝင်များမှ တစ်ဦးချင်းမိတ်ဆက်စကားပြောကြားခဲ့ကြပါသည်။ ခရီးစဉ်တစ်လျှောက် ပျော်ရွှင်စွာလိုက်ပါပေးခဲ့ကြသူများအား ကျေးဇူးအထူးပင်တင်ရှိပါသည်။







































VIETNAM

HANOI VIETNAM

## Proven Group of Companies Ltd. ၏ Quarterly Board of Director အစည်းအဝေးကျင်းပခြင်းနှင့် Corporate Photo ရိုက်ကူးခြင်း အစီအစဉ်



၂၀၂၅ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် Proven Group of Companies Ltd ၏ BOD အစည်းအဝေးပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီမှ Board of Directors များနှင့်အတူ Corporate Photo ရိုက်ကူးခြင်းအစီအစဉ်ကို Proven Group ၏ ရုံးချုပ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။







## Proven International Co., Ltd. ၏ Quarterly Board of Director အစည်းအဝေးကျင်းပခြင်း

၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် Proven International Co., Ltd ၏ BOD အစည်းအဝေးပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် လုပ်ငန်းအတွက် လိုအပ်သည့် Import License ကိစ္စများနှင့် ကုမ္ပဏီရေရှည်တည်တံ့နိုင်စေရေး အနာဂတ်အစီအစဉ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



# Proven Distribution Co.,Ltd ၏ မော်လမြိုင်ရုံးခွဲသစ်ဖွင့်လှစ်ခြင်း အခမ်းအနား
















၂၀၂၅ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် Proven Distribution Co.,Ltd ၏ မော်လမြိုင်ရုံးခွဲသစ်ဖွင့်လှစ်ခြင်းအခမ်းအနားအားစည်ကြားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ BOD အဖွဲ့ဝင်လူကြီးမင်းများ၊ Executive Director များ နှင့် Management အဖွဲ့ဝင်များ ဖိတ်ကြားထားသည့်မော်လမြိုင်မှ Customer ကြီးများ၊ရပ်မိရပ်ဖများတက်ရောက် ချီးမြှင့် ပေးခဲ့ကြပါသည်။ နံနက်ခင်းတွင်သံဃာတော်များအားပင့်ဖိတ်၍ အန္တရာယ် ကင်းတရားတော်များနာယူပြီးနောက် ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ ရုံးသစ်ဖွင့်ပွဲအခမ်းအနားဖြစ်မြောက်အောင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြသူများအား ကျေးဇူးအထူးပင်တင် ရှိပါသည်။














## Earthquake Knowledge Training ပြုလုပ်ခြင်း

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးနှင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုကိုသော်လည်းကောင်း ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်ချက်ကောင်းဖြင့် ငလျင်နှင့်ပတ်သက်သည့်အသိပညာပေးဟောပြောပွဲကို Proven Group of Companies Ltd. ၏ အစည်းအဝေးခန်းမတွင် ၂၀၂၅ ခုနှစ်၊ မေလ (၁၄ နှင့် ၁၅) ရက်နေ့များတွင် Sustainability and Compliance Manager မှ Sharing ပြုလုပ်ခဲ့ပြီး ဝန်ထမ်းများအနေဖြင့်လည်း သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြပါသည်။





## Managing Winning Portfolios Event 2025 နှင့် Yangon Property Market Q1 2025: Trends in Commercial and Residential Webinar တက်ရောက်ခြင်း








Myanmar Private Equity and Venture Captial Association (MPE & VCA) မှ ကြီးမှူးကျင်းပသည့် Managing Winning Portfolios Event ကို ၂၂.၀၅.၂၀၂၅ ရက်နေ့တွင် Sule Square ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအခန်းအနားတွင် Equity Investor များအတွက် ထိရောက်သည့်ရင်းနှီးမြုပ်နှံမှုများရရှိစေရန်အတွက် အတွေ့အကြုံများဝေမျှသည့် Sharing Session သို့ တက်ရောက်ခဲ့ပါသည်။

ထို့ပြင် British Chamber of Commerce Myanmar မှ ကျင်းပသည့် Yangon Property Market Q1 2025: Trends in Commercial and Residential သို့လည်း တက်ရောက်ခဲ့ပြီး အိမ်ခြံမြေ Market ၏ Trends ကို လေ့လာခဲ့ပါသည်။

## MIoD ၏ Board Secretary Program သို့ တက်ရောက်ခဲ့ခြင်း






Myanmar Institute of Directors ၏ ၂၄.၀၅.၂၀၂၅ နှင့် ၂၅.၀၅.၂၀၂၅ ရက်နေ့တို့တွင် ကျင်းပသည့် Board Secretary Program ကို ဒေါ်သဇင်ဝင်း (Assistant to CEO) မှတက်ရောက်ခဲ့ပါသည်။ ယင်း Program တွင် Corporate Governance ဆိုင်ရာသိကောင်းစရာများ၊ Meeting Management နှင့်ပတ်သက်သည့် ဖြေရှင်းဆောင်ရွက်ရန်များ၊ ဒါရိုက်တာများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းသင်ကြားခဲ့ပြီး၊ Panel Discussion များလည်း ပါဝင်ခဲ့ပါသည်။

## Maximizing Human Capital : Strategies for a Thriving Workplace Webinar




Maximizing Human Capital: Strategies for a Thriving Workplace ခေါင်းစဉ်ဖြင့် Myanmar Institute of Directors (MIoD) မှ ၂၂.၀၅.၂၀၂၅ ရက်နေ့တွင်ပြုလုပ်သည့် Webinar တွင် HR Strategy နှင့် Business Strategy ကို Compliance ဖြစ်အောင် ဆောင်ရွက်ရန်အချက်များ၊ Leader များတွင်ထားထားရှိရမည့် HR နှင့်ပတ်သက်သည့် Commitment များ၊ Organizational Culture ကို တည်ဆောက်ရန်အချက်များ၊ မျက်မှောက်ခေတ်ကာလတွင် Hybrid Workplace ဖြစ်အောင် ဆောင်ရွက်ရာတွင် ကုမ္ပဏီတွင် Rules & Regulations ကို ခိုင်မာစွာ တည်ဆောက်ထားရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့သည့် Webinar ကို Proven Group နှင့် ညီနောင်ကုမ္ပဏီများရှိ Management များနှင့် HR ခေါင်းဆောင်များအားလုံးတက်ရောက်ခဲ့ကြပါသည်။

## Proven Technology Industry Co., Ltd. ၏ (၂)လလျှင် တစ်ကြိမ်ကျင်းပသည့် ဝန်ထမ်းထုအစည်းအဝေးကျင်းပခြင်း





Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီများတွင် ဝန်ထမ်းထုအစည်းအဝေးကို ကျင်းပပြုလုပ်လုပ်လေ့ရှိရာ Proven Technology Industry Co., Ltd. အနေဖြင့် ၂၈.၀၅.၂၀၂၅ ရက်နေ့တွင် ဌာနအလိုက် ISO Standard များနှင့်အညီ ဌာနအလိုက် Objectives များ Achieved ဖြစ်/မဖြစ် Presentation များဖြင့်တင်ပြခဲ့ပြီး April & May လ မွေးနေ့ရှင်များအတွက် မွေးနေ့ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

## World Environment Day 2025 အခမ်းအနားကျင်းပခြင်း














ဇွန် ၅၊ ၂၀၂၅ နေ့တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်နေ့ (World Environment Day 2025) အထိမ်းအမှတ်အဖြစ် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများပူးပေါင်း၍ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမက (၈)မူလွန်ကျောင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပညာရေးဆိုင်ရာ CSR လုပ်ငန်းများအဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းအား ဒုတိယအကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ Proven Group of Companies ၏ Group CEO ဦးသန်းထိုက်လွင် ဦးဆောင်ပြီး သက်ဆိုင်ရာ ညီနောင်ကုမ္ပဏီများမှ Managing Director များ၊ Director များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ရေရှည်တည်တံ့သောဖွံ့ဖြိုးရေး (Sustainable Development) ကို အထောက်အကူပြုရန်နှင့် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေးတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်ဖြင့် Proven Group သည် ကျောင်းဝင်းအတွင်း ရာသီဥတုဒဏ်ခံနိုင်ပြီး အရိပ်ရသော သစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ကျောင်းသားများအရိပ်ရနားနေနိုင်စေရန်နှင့် သန့်ရှင်းလှပသော ပတ်ဝန်းကျင်ဖြစ်စေရန် ခိုင်ခံ့သည့်အုတ်ခုံများပြုလုပ်ပေးခဲ့ခြင်း၊ အပင်များရေလောင်းရာတွင် လိုအပ်သည့် PVC ပိုက်လှူဒါန်းခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ပြီးနောက် တက်ရောက်လာကြသူများကို အမှတ်တရ လက်ဆောင်အဖြစ် အလှပန်းပင်များကို ပေးအပ်ခဲ့ပါသည်။







# ကမ္ဘာ့လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့(World Safety Day @2025) အထိမ်းအမှတ်ဟောပြောပွဲ







Proven Group of Companies အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီ လ၊(၂၈)ရက်နေ့တွင်ကျရောက်မည့်ကမ္ဘာ့လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနေ့ (World Day for Safety and Health at Work)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲအား ၂၀၂၅ ခုနှစ်၊ ဧပြီလ၊ (၂၄) ရက်နေ့တွင် Proven Group of Companies Ltd ရုံးချုပ်ရှိ အစည်းအဝေးခန်းမ၌လည်းကောင်း၊ ညီနောင်ကုမ္ပဏီများဖြစ်ကြသည့် Proven Technology Industry Co., Ltd. ၊ Proven Polyworld Co., Ltd. ၊ Yangon Metal Co., Ltd. တို့အနေဖြင့် ယင်းတို့၏ စက်ရုံများတည်ရှိရာနေရာအသီးသီးတွင် ၂၀၂၅ ခုနှစ်၊ ဧပြီလ(၂၈)ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားများတွင် ဌာနအသီးသီးရှိမန်နေဂျာများမှ အသိပညာများမျှဝေခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာ ရေးသင်တန်းများတက်ရောက်အောင်မြင်သူများအားအသိမှတ်ပြု သင်တန်းဆင်းလက်မှတ်များချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်လာသူများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ ဗဟုသုတဉာဏ်စမ်းများနှင့် TikTok Video များ ရိုက်ကူးယှဉ်ပြိုင်ခြင်း၊ အဖြေမှန်သူများအား အမှတ်တရလက်ဆောင်ပေးခြင်းများပြုလုပ်ခဲ့ကြပါသည်။

























# ၂၈.၃.၂၀၂၅ ရက် (သောကြာနေ့) တွင် စစ်ကိုင်းတိုင်းဒေသကြီးကို ဗဟိုပြု၍ (၇.၇)ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်၊ ပစ္စည်း၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည့် ပြည်သူများအား လှူဒါန်းခြင်း











၂၈.၃.၂၀၂၅ ရက် (သောကြာနေ့) တွင် စစ်ကိုင်းတိုင်းဒေသကြီးကို ဗဟိုပြု၍ ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်၊ ပစ္စည်း၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသည့် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပဲခူးတိုင်းဒသကြီး ( တောင်ငူခရိုင်) နှင့် ရန်ကုန်တိုင်းဒေသကြီး တို့ရှိ ပြည်သူများ နှင့် ထပ်တူ Proven Group of Companies Ltd မိသားစု မှ အထူးဝမ်းနည်းကြောင်းစာအား ထုတ်ပြန်ခဲ့ပြီး ကုမ္ပဏီရှိဝန်ထမ်းမိသားစုဝင်များအား ထောက်ပံ့ထားမှုများနှင့် ကုမ္ပဏီအနေဖြင့် ကိုယ်တိုင်သွားရောက်လှူဒါန်းမှုများကို ၂၀၂၅ ခုနှစ်၊ ဧပြီလ၇ ရက်နေ့တွင်လည်းကောင်း၊ ကူညီပံ့ပိုးရန် လိုအပ်သည့် အခြားနေရာများအတွက် အသင်းအဖွဲ့များဖြစ်သည့် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနသို့လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနသို့လည်းကောင်းနှင့် MRACSAA (Myanmar Automotive Components, Spare Parts & Accessories Association) အသင်းသို့ လည်းကောင်း စသည်ဖြင့် အသီးသီးပါဝင်လှူဒါန်းခဲ့ပါသည်။










# ညီနောင်ကုမ္ပဏီအသီးသီးတွင် နှစ်ပတ်လည်အစီရင်ခံစာတင်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း




Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီများအသီးသီးတွင် နှစ်ပတ်လည်အစီရင်ခံစာတင်နိုင်ရေးအတွက် Yangon Metal Industry Co., Ltd တွင် (၀၄.၀၄.၂၀၂၅) ရက်နေ့တွင်လည်းကောင်း၊ Proven Technology Industry Co., Ltd. တွင် (၂၂.၀၅. ၂၀၂၅) ရက်နေ့တွင်လည်းကောင်း၊ Proven Distribution Co., Ltd. တွင် (၁၃.၀၆.၂၀၂၅) ရက်နေ့တွင်လည်းကောင်း Training နှင့် ဌာနအလိုက် တာဝန်ယူရေးသားရမည့် ခေါင်းစဉ်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။

## ဆေးရုံသုံးအထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်း





Yangon Metal Industry Co., Ltd. အနေဖြင့် ကုမ္ပဏီ၏ စက်ရုံတည်ရှိရာ မြောင်းတကာစက်မှုဇုန်အနီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ (၉.၄.၂၀၂၅)ရက်နေ့တွင် ဆေးရုံသုံးအထောက်အကူပြုပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် (၆,၃၉၃,၀၀၀)တိတိကို ပေးအပ်လှူဒါန်းခဲ့ပါသည်။ မျှဝေခြင်းသည်မေတ္တာဆိုသည့်အတိုင်း လိုအပ်နေသည့် နေရာများသို့ တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီခွင့်ရရှိခဲ့သည့်အတွက် Yangon Metal Industry Co., Ltd. ကိုယ်စား ဝမ်းသာပီတိဖြစ်ရပါသည်။

## ရေဘေးကယ်ဆယ်ရေးသုံးပစ္စည်းများ လှူဒါန်းခြင်း




Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Yangon Metal Industry Co., Ltd. အနေဖြင့် ၂၀၂၅ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် အများပြည်သူသုံးစွဲနိုင်စေရန်အတွက် ရေဘေးကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးသုံးပစ္စည်းများဖြစ်သည့် အသက်ကယ်လှေ(၁)စီးနှင့် အသက်ကယ်အင်္ကျီ (၆)ထည်ကို ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်နယ်မြေ၊ မီးသတ်စခန်းသို့ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အများပြည်သူများသဘာဝဘေးအန္တရာယ် ကင်းဝေးကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ကမ္ဘာ့အလုပ်သမားနေ့@2025








မေလ (၁) ရက်နေ့ ကမ္ဘာ့အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Proven Group of Companies ၏ ညီနောင်ကုမ္ပဏီများဖြစ်ကြသော Proven Technology Industry Co., Ltd နှင့် Proven Poly World Industry Co., Ltd တို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ်၊ မေလ (၁)ရက်နေ့ ၊ နံနက် (၁၀:၃၀) နာရီအချိန်တွင် တာမွေမြို့ အလုပ်သမားဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံ (ကုတင် - ၅၀၀) တို့တွင် ဆေးကုသမှုခံယူလျက်ရှိသော အလုပ်သမားများ၊ ဝန်ထမ်းမိသားစုများ၊ လူနာများ၊ လူနာစောင့်များအတွက် လူဦးရေ (၇၀၀)စာ အဟာရဒါန (နေ့လည်စာ) လှူဒါန်းခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ပြုလုပ်ခဲ့ပါသည်။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကျင်းပခြင်း





Proven Group of Companies မှ ဦးဆောင်၍ ညီနောင်ကုမ္ပဏီများနှင့်အတူ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို 28th June, 2025 (စနေနေ့)တွင် Toyo and Lion Battery ထုတ်လုပ်သည့် ရွှေပြည်သာစက်မှုဇုန် (၁)အတွင်းရှိ စက်ရုံတည်ရှိရာ Proven Technology Industry Co., Ltd. တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

Proven Group အနေဖြင့် ယခုကဲ့သို့ ကျောင်းသုံးပစ္စည်းများပေးအပ်ခြင်းအခမ်းအနားကို ကျင်းပခဲ့ သည်မှာ (၃)ကြိမ်ပြည့်မြောက်ဖြစ်ပြီး သားငယ်/သမီးငယ် စုစုပေါင်း (၂၄၉) ဦးအတွက် ကုန်ကျစရိတ် စုစုပေါင်း ကျပ်သိန်း (၁၁၀) ကျော်တန်ဖိုးရှိ ကျောပိုးအိတ်၊ စာအုပ်၊ ခဲတံ၊ ဘောပင်တို့ကို ပေးအပ်ခဲ့ ပါသည်။

Proven မိသားစုဝင်များ၏ ပညာရေးကဏ္ဍကို တစ်ထောင့်တစ်နေရာမှ ကူညီထောက်ပံ့ပေးနိုင်ခဲ့သည့် အတွက် များစွာဂုဏ်ယူဝမ်းမြောက်သကဲ့သို့ အခမ်းအနားသို့ တက်ရောက်ပေးခဲ့သည့် အမှုဆောင် ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် သားငယ်/သမီးငယ်လေးများအားလုံးကို Proven Group မိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။















## Proven Energy Co., Ltd. မှ Myanmar Power & Solar Energy Storage Lighting Expo 2025 တွင် ပါဝင်ခဲ့ခြင်း







Yangon Convention Centre (YCC) တွင် ၂၀၂၅ ခုနှစ်၊ မေလ (၁)ရက်နေ့မှ (၄)ရက်နေ့အထိပြုလုပ်သည့် Myanmar Power & Solar Energy Storage Lighting Expo 2025 တွင် Proven Energy Co., Ltd. အနေဖြင့် ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Technology Industry Co., Ltd. မှ ထုတ်လုပ်လျက်ရှိသည့် Toyo အမှတ်တံဆိပ် Lead Acid Battery၊ Dry Charged Battery၊ Gel Type Battery၊ Lithium Iron Battery များနှင့် Lion Battery အမျိုးမျိုးတို့ကိုလည်းကောင်း၊ တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် JinKo Solar ၊ Huawei နှင့် MARXON Inverter များ၊ ESS Air cooling နှင့် Mountain Structure များကိုလည်းကောင်း Proven Energy Co., Ltd ၏ Corner တွင် ပြသရောင်းချခဲ့ပါသည်။

## Proven Distribution Co., Ltd. အနေဖြင့် Customer ကြီးများ၏ မွေးနေ့အထိမ်းအမှတ် ပြုလုပ်ပေးခြင်း နှင့် Merchandising ပစ္စည်းများ တပ်ဆင်ပေးခြင်း










Proven Distribution Co., Ltd. အနေဖြင့် Customer ကြီးများကို အသိအမှတ်ပြုသောအားဖြင့် ၎င်းတို့၏ မွေးနေ့အမှတ်တရ Birthday Cake များကို ပေးပို့ခဲ့ပါသည်။ ထို့ပြင် Customer ကြီးများ၏ ဆိုင်များတွင် Toyo နှင့် Lion အမှတ်တံဆိပ် Battery များ၏ Merchandising ပစ္စည်းများကို ဆိုင်များတွင် သွားရောက် တပ်ဆင်ပြင်ဆင်ခြင်းများကို ပြုလုပ်ပေးခဲ့ပါသည်။ Toyo နှင့် Lion Battery ကို အစဉ်တစိုက်အားပေးလျက်ရှိသည့် Customer များအားလုံးကိုလည်း Proven မိသားစုမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

# လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး

လုပ်ငန်းခွင်ဘေးကင်းရေးနှင့်ကျန်းမာရေးသည် ဝန်ထမ်းများကို လုပ်ငန်းခွင်ဘေးအန္တရာယ်များမှ ကာကွယ်ရန်နှင့် ယင်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုကို မြှင့်တင်ရန် ရည်ရွယ်သည့် အလေ့အကျင့်များ မူဝါဒများနှင့် စည်းမျဉ်းများကို ရည်ညွှန်းပါသည်။ ယင်းတွင် အန္တရာယ်ကို ကြိုတင်ကာကွယ်ရေး၊ လုံခြုံသော လုပ်ငန်းခွင် အခြေအနေများနှင့် လုပ်ငန်းခွင်ဘေးကင်းရေး ဥပဒေများကို လိုက်နာမှုတို့ပါဝင်သည်။

## လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး၏ အဓိက အစိတ်အပိုင်းများ




၁။လုပ်ငန်းခွင်အန္တရာယ်ကာကွယ်ရေး၊
၂။ ဥပဒေလိုက်နာမှု၊
၃။ ဝန်ထမ်းလေ့ကျင့်ရေးနှင့် အသိအမြင်၊
၄။ Ergonomics & Workplace Design၊
၅။ စိတ်ကျန်းမာရေးနှင့် သုခ၊
၆။ အဖြစ်အပျက် အစီရင်ခံခြင်းနှင့် တုံ့ပြန်မှု၊
၇။ ကျန်းမာရေးမြှင့်တင်မှု အစီအစဉ်များ၊

## လုံခြုံသော အလုပ်ခွင်၏ အကျိုးကျေးဇူးများ




၁။ မတော်တဆ ထိခိုက်ဒဏ်ရာ ရမှုနည်းပါးခြင်း၊
၂။ ကုန်ထုတ်စွမ်းအား နှင့် စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊
၃။ ပျက်ကွက်ခြင်းနှင့် ကျန်းမာရေးစရိတ်စက သက်သာခြင်း၊
၄။ ဥပဒေလိုက်နာမှုနှင့် တာဝန်ခံမှု လျော့ချခြင်း၊

## နိုင်ငံတကာ စံနှုန်းများနှင့် လမ်းညွှန်ချက်များ




၁။ ILO ၏ လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာသဘောတူစာချုပ် ( CISS )
၂။ ISO 45001 ( လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးစီမံခန့်ခွဲမှုစနစ် )
၃။ အလုပ်သမား ကျန်းမာရေးဆိုင်ရာ WHO ၏ ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်







**U Tun Myint**
**Chief Internal Auditor**
**Proven Group Of Companies Ltd.**



